

# ချင်စ

ပန်တော်ဦးနတ်သမီး

## အခန်း - ၁

စိန်မြရံဆိုသော မိန်းမတစ်ယောက်ဘဝတွင် မဖြစ်နိုင်ဘူးဆိုသောအရာ ဘာမှမရှိ။

စိန်မြရံ လိုချင်သောအရာ ...

စိန်မြရံ ဖြစ်ချင်သောအရာတိုင်းအတွက် ရက်စက်ရမည်ကိုလည်း သူ လက်မရွံ့။

ထို့အတွက် လောကကြီးက စိန်မြရံကို အလိုရမ္မက်ကြီးသူ၊ ခက်ထန် မာကျောလှသော မျက်လုံး၊ နှုတ်ခမ်းများကို ပိုင်ဆိုင်ထားသူ တစ်ယောက် အဖြစ် မည်သို့ပင် သတ်မှတ်ကြပါစေ ...

သူ့ဘဝအတွက် ...

လေဆန်ဆိုသော သူတစ်ယောက်အတွက် ...

စိန်မြရံဘဝ အသက်ရှင်နေသည် မဟုတ်ပါလား။

"မောင်မိုးဦး"

"အမိန့်ရှိပါ မမကြီး"

"ကိစ္စကို ပြောစမ်း"

မောင်မိုးဦး ခေါင်းမော့၍ ရှေ့အနည်းငယ် တိုးသည်။ ကိုယ်ကို အနည်းငယ်ယို့၍

"မမကြီးစိတ်ကြိုက် ဖြစ်လောက်မဲ့ တစ်ယောက်"

"တော်စမ်း"

အောင်ပေါက်သံသည် မိုးထစ်ချုန်းသည့်အလား ...

စိန်မြရံ နေရာမှ ဆတ်ခနဲထရပ်၍

"ငါ့ကို စကားပြောရင် ဖြစ်လောက်တယ်လို့၊ ဖြစ်နိုင်တယ်လို့ လုံးဝမပါစေနဲ့၊ မသေချာတာ မလိုချင်ဘူး၊ ငါ့ရှေ့ရောက်ရင် အားလုံး သေချာပြီးသားဖြစ်ရမယ်၊ ဒါပဲ"

စိန်မြရံ နေရာတွင် ပြန်ထိုင်ပြီး

"ပြောပြစမ်း"

မောင်မိုးဦး ထိတ်လန့်သွားသည့်စိတ်ကို ပြန်လည်ထိန်းချုပ်ပြီး စိန်မြရံဆိုသော မိန်းမတစ်ယောက်၏ ရှုပ်သွပ်သော၊ စိတ္တဇဆန်သော လုပ်ရပ်ပေါ်တွင် သူ ပါဝင်ရတော့မည်လား။

ဒါဟာ စိန်မြရံ၏ မှားယွင်းသော စိတ်ကူးယဉ်မှုကြီးနောက်ကို သူ အားပေးနေသလိုပင်။

"အဟမ်း ... မမကြီးလိုချင်တဲ့ အနေအထားအားလုံး ပြည့်စုံတဲ့ မိန်းကလေး ကျွန်တော် တွေ့ခဲ့တယ်"

"ဆက်ပြော"

"အသက် ဆယ့်ရှစ်နှစ်၊ အတန်းပညာက ဆယ်တန်းထိ နေခဲ့ပါတယ်၊ မိဘကလည်း နေ့ည မမှန်လောက်အောင် ဆင်းရဲပါတယ်၊ မအေကတော့ မရှိတော့ဘူး၊ လောလောဆယ် ကောင်မလေး ကျပန်း လုပ်ကိုင်စားသောက်နေတယ်"

"ဟဲ့ ... ကျပန်းဆိုတာ ဘာအလုပ်လဲ"

"ကျပန်းဆိုတာ ဇီးထုပ်ထုပ်တာတို့၊ နေကြာစေ့ရွေးတာတို့၊ ရပ်ကွက်ထဲမှာ လုပ်တဲ့ အလုပ်တွေကိုပြောတာ။ သူ့အဖေ အရင်က လက်သမားလုပ်ကိုင်

ပြီး ခု ဘာမှ မလုပ်နိုင်တော့ဘူး၊ သူရှာတဲ့ငွေနဲ့ပဲ စားကြရတာ၊ ဒီ့အပြင် ဆွေမျိုးညာတိ ဘာပတ်သက်မှုမှ မရှိဘူး"

"လှရဲ့လား"

"ရက်ရက်စက်စက်ကို လှပါတယ်၊ ဒါပေမဲ့ ဆင်းဆင်းရဲရဲ နေခဲ့ရတယ်ဆို တော့ ..."

"တော်ပြီ၊ ငါ နားလည်တယ်"

စိန်မြရဲ့ အတွေးထဲမှာတော့ ...

လေဆန်ဆိုသော သူတစ်ယောက်အတွက် သူလိုချင်သော အလှပိုင်ရှင် တစ်ဦး ဖြစ်ဖို့က အရေးကြီးသည်။ ပြီးတော့ ...

"နာမည် ဘယ်သူလဲ"

"သိုးကလေး"

"ဘာ ..."

"သိုးကလေးတဲ့၊ အားလုံးက ဒီအတိုင်းပဲ ခေါ်ကြတယ်၊ ဒီအပြင် အမည် လုံးဝမရှိဘူး"

"မင်း ဘယ်လိုစည်းရုံးသိမ်းသွင်းထားခဲ့လဲ"

"ယောက်ျားတစ်ယောက်အတွက် မြူဆွယ်စွဲဆောင်ရမဲ့ ကိစ္စတစ်ခုလို့ တော့ ပြောခဲ့တယ် မမကြီး"

"သူ့ဘက်က သဘောတူလား"

"သဘောတူတယ် မမကြီး"

"မောင်မိုးဦး၊ သူ့ကို ဒီထက်ပိုပြီးတော့ ဘာအကြောင်းမှ ပေးမသိစေနဲ့၊ အထူးသဖြင့် လေဆန်တစ်ယောက် လုံးဝမသိစေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ မမကြီး"

"မောင်မိုးဦး၊ ကောင်မလေးအတွက် လိုအပ်တာအားလုံးကို ပြင်ဆင်ဆောင်ရွက်ပေးလိုက်"

"ကောင်းပါပြီ"

******

"မမ ဘာတွေ လျှောက်လုပ်နေတာလဲ"

"မမ လျှောက်လုပ်နေတာ မဟုတ်ဘူး လေဆန်၊ မမ လုပ်နေတာတွေဟာ မင်းကို သိပ်ချစ်လို့ဆိုတာတော့ မင်း သဘောပေါက်စေချင်တယ်"

"ကျွန်တော် သဘောပေါက်တာကတော့ မမလုပ်နေတာတွေဟာ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိဘူး၊ ဘယ်လိုမှလည်း လက်ခံလို့မရဘူး၊ အထူးသဖြင့် ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုနဲ့ လုံးဝကိုက်ညီမှု မရှိဘူးဆိုတာကိုရော မမ သတိထားမိရဲ့လား"

"ဒါတွေကို မမ သိစရာမလိုဘူး၊ ဂရုလည်း မစိုက်နိုင်ဘူး"

စိန်မြရဲ့ စကားလုံးများနှင့် မျက်လုံးတို့သည် အတ္တစိတ် ဖုံးလွှမ်းနေသည်ကို တွေ့မြင်နေရသလို ...

သူ၏ စိတ္တဇဆန်သော စိတ်ကူးကို အလျှော့ပေးမည့် အသွင်သဏ္ဍာန်လည်း မရှိ။

"အဓိက ကတော့ လေဆန် မမဘဝထဲမှာ မင်း ထာဝရရှိနေဖို့အတွက် မမ ဘာမဆိုလုပ်ရဲတယ် ဆိုတာတော့ မင်းသိထားပါ၊ မင်းဘဝက အပျော်များစွာနဲ့ ပြည့်စုံနေတယ်၊ မမဘဝဟာ လေအလုံပိတ်ပြီး ဖန်ပုလင်းထဲ ထည့်အပိတ်ခံထားရတဲ့ ပန်းတစ်ပွင့်လို မွန်းကျပ်ပိတ်လှောင်မှုတွေနဲ့ အတိပြီးနေခဲ့ရတယ်"

"မမ အဲဒီလိုမပြောနဲ့လေ၊ ကျွန်တော် အပြင်မှာ သွားလာနေထိုင်တာ ဖောက်ပြန်မှု လုံးဝကင်းတယ်၊ ကျွန်တော့်ပတ်ဝန်းကျင်မှာ အပေါင်းအသင်း ရယ်၊ ဘီယာရယ်၊ ဒါပဲ၊ ကျန်တာတွေအားလုံး အလုပ်ထဲမှာပဲ ရှိခဲ့တာ"

အချိန်ပြည့် အရောင်တင်တတ်သော နှုတ်ခမ်းတို့က နာကျင်စွာ မဲ့လေသည်။

"မင်းရွတ်သွားတဲ့ အချိန်ဇယားထဲမှာ မမအတွက် ပါသွားသလား"

လေဆန် ဖျတ်ခနဲ ခေါင်းခါ၍ ထရပ်လိုက်သည်။

ကိုယ် အတိတ်ကို မေ့ထားလိုက်ချင်သည်။

အထူးသဖြင့် အိမ်ထောင်ရေးအကြောင်းကို မမနဲ့သူ မဆွေးနွေးဖြစ်အောင် နေခဲ့သည်။

ခုတော့ ...

မမ စိန်မြရံ၏ ရှုးသွပ်လှသော လုပ်ရပ်တစ်ခုကို စတင် ကြံစည်နေပြီဖြစ်တာကြောင့် စကားပြောနေရခြင်း ဖြစ်သည်။

စိန်မြရံတစ်ယောက် သူ့ကို စွန့်လွှတ်နိုင်ခြင်း၊ သူ့ဘဝကို ထာဝရပိုင်ဆိုင်ရေးအတွက် အတ္တလွန်ကဲသော စေတသိက် ဖြစ်နေခဲ့သူ။

"မမ ... သဘာဝတရားကို လွန်ဆန်ပြီး မမဖြစ်ချင်တဲ့ ဆန္ဒတွေနဲ့ တည်ဆောက်လို့မရဘူး၊ သဘာဝက ဒီလိုပဲ နေခွင့်ပေးမှတော့ ဒီအတိုင်းပဲ နေကြတာ ကောင်းပါတယ်"

"မကောင်းဘူး၊ မနေနိုင်ဘူး၊ မမဟာ သားသမီး မလွယ်နိုင်တဲ့ မိန်းမဆိုတာ သိပြီးကတည်းက မင်း မမကို တစ်နေ့နေ့ ဥပေက္ခာ ပြုသွားနိုင်တယ်၊ ဒီအတွေး၊ ဒီအသိတွေနဲ့ မမ ရှုးသွပ်မိုက်မဲစွာ ခုလို ကြံစည်နေရတာပဲ လေဆန်"

"ကျွန်တော်တို့ နေထိုင်တဲ့ တိုင်းပြည်ဟာ ဗုဒ္ဓဘာသာ တိုင်းပြည်ဆိုတာ ရော မမ သိရဲ့လား၊ မြန်မာမိန်းကလေးတစ်ယောက်အတွက် ကိုယ့်လင် ယောကျ်ား မဟုတ်တဲ့ လူတစ်ယောက်ရဲ့ ရင်သွေးကို လွယ်ဖို့ဆိုတာ ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စ မဟုတ်ဘူး"

"စိန်မြရုံဘဝမှာ လက်မခံရင် လက်ခံအောင် လုပ်လို့ရတဲ့ နည်းတွေ အများကြီး ရှိနေပြီးသားပါ"

စိန်မြရုံ၏ ထိုစကားသည် သူ့ဘဝတစ်ခုလုံးကို စိန်မြရုံတစ်ယောက် ရအောင် ဝယ်ယူနိုင်ခဲ့သည့် သာဓက ရှိနေသည် မဟုတ်လား။

လေဆန် ပြတင်းပေါက်တံခါးနားမှာ လက်ထောက်ပြီး အပြင်သို့ ငေး နေသည်။

လေဆန်၏ မြင့်မားကျစ်လျစ်သော အရပ်၊ လွန်စွာ စွဲမက်ဖွယ် ကောင်းသော စတိုင်(လ်)၊ အားလုံးကို အနောက်မှ ငေးကြည့်ကာ စိန်မြရုံ မျက်လုံးအစုံမှ ကြေကွဲရိပ်တွေ ထင်ဟပ်နေသည်။

စိန်မြရုံဆိုသည့် မိန်းမသည် ဘယ်သူ့အပေါ်ဖြစ်ဖြစ်၊ ဘယ်အချိန်ဖြစ်ဖြစ် မောက်မာရိုင်းစိုင်းခဲ့သလောက် လေဆန်ဆိုသော ယောကျ်ားတစ်ယောက် ရှေ့မှာဆို အမြဲကျဆုံးခဲ့သည်။

လွန်စွာ ချမ်းသာပါသည်။

လှပ ချောမောပါသည်ဆိုသော စိန်မြရုံဆိုသည့် သူဌေးမတစ်ယောက် အပေါ် အသက်အရွယ်လည်း ကွာဟနေပါသော လေဆန်ဘက်မှ မေတ္တာမ တုန့်ပြန်ခဲ့ခြင်းအတွက် သူမ ဘယ်လိုအပြစ်မျိုး ပေးနိုင်ပါမည်နည်း။

******

ရုံးခန်းထဲ လှမ်းဝင်လိုက်သည်နှင့် သူ့ရဲ့ စက္ကထရီက ဝင်ထားသမျှ

ဖုန်းတွေရဲ့အကြောင်းတို့ကို အစီရင်ခံသည်။

"အဝယ်တော်ကြီးကတော့ ဆရာရောက်တာနဲ့ ချက်ချင်းပြန်ဆက်ဖို့ ပြောပါတယ်"

"အင်း ..."

စိတ်ညစ်မှုကြောင့် အင်းတစ်လုံးသာဆို၍ ကိုယ့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။

စားပွဲပေါ် တံတောင်နှစ်ဖက်ထောက်၍ လက်ဖဝါးနှစ်ဖက် ပူးဆုပ်ကာ ငိုင်နေမိ၏။

စက္ကထရီက စာရင်းတစ်ထပ်နှင့် အနားသို့ရောက်လာကာ

"ဆရာ ... ဒါ မနေ့က ..."

"ဟော့ ... မင်း ဘယ်လိုလဲ"

လေဆန် မျက်နှာခက်ထန်လျက် ...

"မင်းကို စက္ကထရီအလုပ်က ထုတ်ပစ်ရတော့မယ် ထင်တယ်"

"ရှင်"

"ဒီလောက်ထိ အရိပ်အကဲ မင်း နားမလည်ဘူးလား"

"နားလည်ပါတယ် ဆရာ၊ ဒါပေမဲ့ အလုပ် ..."

လေဆန် စားပွဲကို လက်ဖဝါးနှင့် ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး

"မင်းသွားတော့၊ အဲဒီအလုပ်တွေအားလုံး ဒီနေ့ အံဆွဲထဲမှာထည့်ပြီး ပိတ်ထားတယ်၊ ဟုတ်ပြီလား"

"ကောင်းပါပြီရှင်"

လေဆန် ထရပ်လိုက်သည်။ မတ်တတ်ရပ်နေရင်းမှ ဖုန်းကောက်ဆက်

လိုက်သည်။

"ကိုချန်လား"

"..."

"အင်း ... ခုလာခဲ့မယ်၊ Happy Center မှာ ဆုံကြတာပေ့ါ"

စိတ်ထဲတွင် ဒီလိုပဲ ...

မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ရှိနေသည့်အချိန် ...

ဘီယာဝိုင်းဖွဲ့သည့်အချိန် ...

ထိုအချိန်ကလေးတွေသာ သူ့ဘဝ၊ ဘဝအတွက် သာယာနေပေမဲ့ ကျန်အချိန်များသည် မီးကြားထဲက လူသားလို။

******

"မင်း ဘာဖြစ်နေတာလဲ လေဆန်"

သူ့ရဲ့ မှုန်ဝါးနေသောမျက်နှာကို ကိုချန်တစ်ယောက် အတန်ကြာအောင်ကြည့်ပြီးမှ ပြောလိုက်သောစကား။

"စိန်မြရုံဆိုတဲ့ မိန်းမတစ်ယောက် ရှူးသွပ်သွားပြီလား မသိဘူး"

"ဟေ ... ဘာဖြစ်လို့လဲ လေဆန်"

"မိန်းကလေးတစ်ယောက် သူလိုချင်တဲ့ပုံစံရအောင် သွင်းနေတယ်လေ"

"သူက ဘာလုပ်ဖို့လဲ"

"အနောက်နိုင်ငံတွေမှာ သားသမီးမရနိုင်တဲ့ အိမ်ထောင်ရှင်မတွေကျင့်သုံးတဲ့ ဗိုက်အငှားလွယ်တဲ့ကိစ္စကို လိုက်ပြီးလုပ်နေတာ"

"ဟာကွာ ... မဖြစ်နိုင်တာ၊ မဖြစ်နိုင်ဘူးဆိုတာ ဆေးပညာပိုင်းကိုဆိုလိုတာ မဟုတ်ဘူး၊ မြန်မာဓလေ့နဲ့ ကိုက်ညီမှု မရှိဘူးဆိုတာကို ဆိုလိုတာ၊ ငါ

တို့တိုင်းပြည်ရဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေမှာရော၊ လူ့ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုအရရော ဒီကိစ္စမျိုးဟာ မဖြစ်သင့်တာပဲ လေဆန်"

"ဒီလို မဖြစ်သင့်တာကို ဖြစ်ရမယ်ဆိုပြီး မမ လုပ်နေတာ ကိုချန်"

"ဒါနဲ့ နေပါဦး၊ စိန်မြရုံက သူလိုချင်တဲ့ စိတ်ကူးအတွက် လူရှာတွေ့ပြီလား"

"တိတိကျကျတော့ မသိဘူး၊ မိုးဦးဆိုတဲ့ကောင် လိုက်ပြီး စီစဉ်နေတာပဲ၊ ငွေကိုတော့ စိတ်ကြိုက်သုံးပြီး လုပ်နေတာ"

"မင်း မတားဘူးလား လေဆန်"

"သူ့ရောဂါက ကျွမ်းနေပြီ ကိုချန်"

"ဒါဆို မင်း မတားတော့ဘူးပေ့ါ၊ အင်း ... ပြောမဲ့သာ ပြောရတာ၊ စိန်မြရုံ ဟာ သူလုပ်သမျှကို ထောက်ခံရင် မိတ်ဆွေပဲ၊ ဟန့်တားဖို့လုပ်လာရင် ရန်သူလို သဘောထားတတ်တယ်"

"သူ့ကိစ္စကို ဘယ်လို မြန်မာအမျိုးသမီးမှ လက်ခံနိုင်မှာ မဟုတ်ဘူး"

"ဒီလိုတော့ အပြတ်ပြောလို့ မရနိုင်ဘူး လေဆန်၊ လူ့လောကကြီးမှာ ငွေ ဟာ လူတစ်ယောက်ဘဝကို တော်တော် ထိထိရောက်ရောက် စိုးမိုးနိုင်တာ ဆိုတော့ စိန်မြရုံတစ်ယောက် ထင်တိုင်း ပေါက်နေတယ်ပေ့ါကွာ"

ကိုချန့်စကားကြောင့် ငွေဆိုသည့် ဒြပ်မဲ့ပစ္စည်းကြီးကို သူ မုန်းမိသည်။

ငွေကြောင့် ကျဆုံးသူတွေထဲတွင် သူ ပါဝင်ခဲ့သလား။

"တကယ်ဆို စိန်မြရုံဘဝကလည်း သနားဖို့တော့ ကောင်းသား"

"ကိုချန် ဘာကိုဆိုလိုတာလဲ"

"သူ့ဘဝမှာ ငွေကြေးလည်း ချမ်းသာတယ်၊ ရုပ်ရည်လည်း ချောမောတယ်၊ ဒါပေမဲ့ မိသားစုအတွက် အဓိကကျတဲ့ မိခင်ကောင်းတစ်ယောက် ဖြစ်မလာ ခဲ့ဘူး၊ အဆိုးဆုံးကတော့ ..."

ကိုချန် စကားမဆက်ဘဲ အပြင်သို့ ငေးကြည့်ရင်း ...

"မင်းရဲ့အချစ်ကို မရခြင်းတစ်ခုလည်း ပါတယ်"

"ဒါကတော့ ကိုချန်ရ၊ အချစ်ဆိုတာ ဖန်တီးယူလို့ရတာမှ မဟုတ်တာ၊ နှလုံးသားက သူ့အလိုလို ပေါက်ဖွားလာခဲ့ကြတာ မဟုတ်လား၊ မမအပေါ် ကျွန်တော် မချစ်မနှစ်သက်ပေမဲ့ မမနောက်ကွယ်မှာ ဖောက်လွဲဖောက်ပြန် တာမျိုး ကျွန်တော် တစ်ခုမှ မလုပ်ခဲ့ဘူး ကိုချန်၊ တကယ်ဆိုရင် ကျွန်တော် ဟာ စိန်မြရံရဲ့အလှပြကျိုးကေ့စ်ထဲက အရုပ်ကလေး တစ်ရုပ်သာသာပါပဲဗျာ"

ထိုစကားလေးနှင့် သူ့ရင်အစုံကို တိမ်တိုက်များ ရိုက်ခတ်သွားသလိုပင်။

******

ခြေဖျား လက်ဖျားလေးတွေက နီထွေးနုဖပ်နေသည်။

နှုတ်ခမ်းကလေးကလည်း နီတာတာရှိလျက်၊ မျက်ဝန်းပြာလဲ့လဲ့လေးများ နှင့် မည်းနက်သွယ်တန်းသော မျက်ခုံးကလေးများလည်း ရှိလေသည်။

ပါးမို့ထက်မှ ပါးကွက်လေးနှစ်ဖက် တင်ထား၏။ တင်ပါးလောက်ထိ ရှည်လျားသော ဆံပင်တွေကို နှစ်ဖက်ခွဲ၍ ကျစ်ဆံမြီးကျစ်ထားပုံက နုပျိုသော အလှတရားကို ပို၍ ပေါ်လွင်စေသကဲ့သို့ ရှိ၏။

"မင်းနာမည် သိုးကလေး ဟုတ်လား"

"ဟုတ်ကဲ့"

သိုးကလေး ခေါင်းတွင်တွင်ငုံ့လျက် မမော့ရဲဘဲ ရှိလေ၏။

အနီရောင်များသော မျက်ခုံးရှည်ရှည်နှင့် အမျိုးသမီးကြီး၏ မျက်ဝန်းတို့ ကို သူ ရင်ဆိုင်မကြည့်ဝံ့။

သူမတစ်ကိုယ်လုံးမှာ ဝတ်ထားသည့် စိန်ထည်များနှင့် ခမ်းနားထည်ဝါ သော တိုက်ကြီး၏ အရှိန်အဝါများ သိုးကလေးခေါင်းပေါ်သို့ ဖိမိုးထားသလို

ရှိကာ ရင်တွေတုန် ဒူးတွေတုန်။

"အဲဒီမှာ ထိုင်"

"ရှင်"

"အဲဒီမှာဆိုသော စကားသည် နီရဲလှပသော ဆိုဖာဆိုတဲ့ ဟာကြီးတွေပေါ်မှာလား၊ ကြမ်းပြင်ပေါ်မှာလား"

"ကြမ်းဆိုတာတောင် သိုးကလေးတို့ အကောင်းစားချုပ်ဝတ်တဲ့ ကတ္တီပါမွေးရှည် နီနီရဲရဲများနှင့် လက်လက်တောက်နေသည်။

ကြမ်းပေါ်မှာ ထိုင်စေတာပဲ ဖြစ်မှာပါ။

သိုးကလေး ဆတ်ခနဲ ထိုင်ချတော့ ...

"ဟိတ် ... အပေါ်မှာ ထိုင်စမ်း"

"ရှင်"

"အို ... မင်းရဲ့ အဲဒီ တရှင်ရှင်အကျင့်ကို ဖျောက်စမ်း၊ ငါ သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

စိန်မြရံ မကျေမနပ် ဖြစ်သွားသည်။

ဒီလိုအတန်းအစားမျိုးကသာ ဒီလိုအလုပ်မျိုး လုပ်ပေးမှာမို့ ဆွဲခေါ်ခဲ့ရသည်။

ဒီလိုနေတတ်၊ ထိုင်တတ်တဲ့ အကျင့်မျိုးတွေ၊ စိတ်ဓာတ်ကို ခုတည်းက စတင်ပြီး ရိုက်ချိုးထားရမည်။

သိုးကလေး သူ့ကို အကြောက်ရဆုံးလူသား ဖြစ်စေရမည်။

"သိုးကလေး"

"ရှင်"

"မင်း နောက်ဖေးတိုက်မှာ နေရမယ်၊ နေရဲလား"

"ဟုတ်ကဲ့၊ နေရဲပါတယ်"

ညဘက်ဆို မီးရောင်တွေ ဖွေးနေအောင် ထွန်းပေးထားမှာလားလို့ မမေးရဲ။ ဒါပေမဲ့ သူဌေးတွေပဲလေ ... မီးခွက်မှိန်မှိန်လေးနဲ့တော့ ထားမည်မထင်ပါ။

"ငါမခေါ်ဘဲ ဒီတိုက်ကြီးကို လုံးဝမလာရဘူး၊ အပြင်ကို ငါမသိဘဲ လုံးဝမသွားရဘူး၊ ကုန်ကုန်ပြောမယ်၊ ငါကျွေးတာ မဟုတ်ဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ ဝယ်မစားရဘူး ကြားလား"

သူဟာ စိန်မြရံ၏ အကျဉ်းစခန်းကို ရောက်နေခြင်းလား။

သူ့ကို ခေါ်လာခဲ့သော အကြောင်းမှာ ယောကျ်ားတစ်ယောက်ကို အနီးကပ်စောင့်ရှောက်ရန်နှင့် စိတ်ဓာတ်နူးညံ့လာအောင် မာယာတို့ဖြင့် လုပ်ဆောင်ရန်လို့ ပြောခဲ့ပေမဲ့ ...

လက်တွေ့မှာ ကျွန်ပိုင်ရှင်လက်အောက်သို့ ကျရောက်နေသလို ...

"မိငြိမ်းရေ ..."

"ရှင် ... မမကြီး"

"ငါ သူ့အတွက် ပြင်ဆင်ခိုင်းတာတွေ ပြင်ဆင်ပြီးပြီလား"

"ဟုတ်ကဲ့ ... ပြင်ဆင်ပြီးပါပြီ မမကြီး"

"မင်း သူနဲ့လိုက်သွား"

"ဟုတ်ကဲ့"

"ညနေခြောက်နာရီ ဆေးခန်းသွားဖို့ ပြင်ထား"

"ရှင် ... ကျွန်မ ဘာလုပ်ဖို့ ဆေးခန်းသွားရမှာလဲ မမကြီး"

"အော် ... မင်းကျန်းမာရေးအတွက်ပါ"

စိန်မြရုံ၏ ပေါ့ပေါ့လေး ပြောလိုက်သော စကားကို သူသိပ်ပြီး ဘဝင်မကျလှပေ။

ဒါပေမဲ့ ကိုယ်လှမ်းခဲ့သော ခြေလှမ်းသည် မှားသလား၊ မှန်သလားဆိုသည်ကို သိုးကလေး မတွေးချင်တော့။

သူ၏ဘဝကို ငွေကြေးအလုံးအရင်းဖြင့် ပြောင်းလဲပေးလိုက်သူက ဒေါ်စိန်မြရုံပင် မဟုတ်လား။

သူတစ်သက်လုံးက မနေခဲ့ဘူးသော သွပ်မိုးပျဉ်ထောင်နှင့် အိမ်ထဲမှာ ဆန်အိတ်တွေဆင့်လို့၊ ဆီအပြည့်၊ ဆားအပြည့်။

ငွေက အထပ်လိုက်။

ခုလောက်ဆို အဖေတစ်ယောက် တီဗွီရှေ့မှာ သမီး၏ ကြော်ငြာမင်းသမီးသရုပ်ဆောင်မှုကို စောင့်၍ ကြည့်နေတော့မည်။

သူကလည်း အဖေကို ယုံကြည်အောင် ထိုသို့ပင် ပြောခဲ့သည်။

အမှန်တကယ် သူ့အလုပ်က ယောကျ်ားတစ်ယောက်ကို အလှမာယာနှင့် ထောင်ချောက်ဆင်ရန်လို့ စိန်မြရုံတို့က ခေါ်ခဲ့ခြင်းကို မိသားစုအတွက် သူ ဒီအလုပ်ကို လက်ခံခဲ့ခြင်း ဖြစ်သည်။

ယခု သူရောက်နေသော ဘဝနှင့်တော့ နည်းနည်းခြားနေတာတော့ အမှန်ပင်။

အဖေ့ကို ပြည့်စုံစွာ နေစေချင်လွန်းသော ဆန္ဒနှင့် ထိုအိမ်ကြီးပေါ်သို့ သိုးကလေး ရောက်ခဲ့ခြင်း ဖြစ်သည်။

ငါ ဘာဖြစ်ဖြစ် ဒါဟာ အဖေ့အတွက် ...။

******